ပုံစံ(၁[illegible])

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၆၆/၂၀၁၅)

Ms.Vidya Chetry@ဒေါ်ဥမ္မာ(ဒါရိုက်တာ/ပိုင်ရှင်)
Myanmar Hill Lodges Co.,Ltd ၊
အမှတ်(၉)၊ အောင်သိဒ္ဓိလမ်း၊ (၃) ရပ်ကွက်၊
ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်။
} လျှောက်ထားသူ

နှင့်

ဦးသိန်းထွန်း(ယာဉ်မောင်း)
အမှတ်(၅/၃၈)၊ တောတိုက်ရပ်ကွက်၊
ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်။
} လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၉)ရှိ Myanmar Hill Lodges Co.,Ltd (ဒါရိုက်တာ/ပိုင်ရှင်) Ms.Vidya Chetry@ဒေါ်ဥမ္မာနှင့် ယာဉ်မောင်းဦးသိန်းထွန်းတို့ဖြစ်ပွားကြသော အငြင်းပွားမှုကို မရမ်းကုန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ အဆုံးအဖြတ်ခံယူရန် လွှဲပြောင်းပေးပို့ခဲ့သည့်အမှုဖြစ်သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အမှုအမှတ်(၉၉/၂၀၁၅)အဖြစ် လက်ခံစစ်ဆေး ကြားနာပြီး ၈-၁၂-၂၀၁၅ ရက်နေ့တွင်ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာအဆိုပါဆုံးဖြတ်ချက်တွင် " ယာဉ် မောင်း ဦးသိန်းထွန်းအား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၃-၇- ၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အရ လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာ ကြေးအား ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ (အချိန်ပိုကြေးမပါ)ဖြင့် ပေးရန်နှင့် ကြို တင်အကြောင်းကြားခြင်းမရှိဘဲ အလုပ်မှထုတ်ပယ်လိုက်သည့်အတွက် နို့တစ်ကြေး(၁)လစာအား ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ(အချိန်ပိုကြေးမပါ)ဖြင့် ပေးရန်" ဆုံးဖြတ်ခဲ့သည်။

၃။ အဆိုပါရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သည့်အတွက် Myanmar Hill Lodges Co.,Ltd(ဒါရိုက်တာ/ပိုင်ရှင်) Ms.Vidya Chetry@ဒေါ်ဥမ္မာမှ ခုံသမာဓိကောင်စီသို့ဆက်လက်တင်ပြလျှောက်ထားခဲ့ရာ ခုံသမာဓိကောင်စီကအငြင်းပွားမှုအမှတ် (၆၆/၂၀၁၅) အဖြစ် လက်ခံပြီးအငြင်းပွားမှုအပေါ် ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးနိုင်ရန်အတွက် ဥက္ကဋ္ဌအဖြစ် ဦးအေးငွေ (အစိုးရကိုယ်စားလှယ်)၊ အဖွဲ့ဝင်များအဖြစ် ဦးဌေးအောင် (အလုပ်ရှင် ကိုယ်စားလှယ်)နှင့် ဒေါ်စန်းစန်းဦး(အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သည့်ခုံအဖွဲ့ကို ဖွဲ့စည်း တာဝန် ပေးအပ်ခဲ့ပါသည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုစတင်ဖြစ်ပွားချိန်မှစ၍ သက်ဆိုင်ရာမြို့နယ် တွင် ညှိနှိုင်းဖျန်ဖြေခဲ့သည့်မှတ်တမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့တွင် ထွက်ဆို အစစ်ခံထားသည့် မှတ်တမ်းများ၊ အလုပ်ရှင်၏လျှောက်ထားလွှာများ၊ အလုပ်သမားဘက်မှ လျှောက်ထားလွှာများစသည့်တို့ကို ပြည့်စုံစွာလေ့လာဖတ်ရှုခဲ့ပြီးနောက် အောက်ပါကောက်ချက် ကိုရေးဆွဲချမှတ်ခဲ့သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်ရှင်ဖြစ်သူသည် ယာဉ်မောင်း ဦးသိန်းထွန်းအား အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းမှာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းနှင့် ညီညွတ်ခြင်း ရှိ/မရှိ။

<u>သုံးသပ်ချက်အမှတ်(၁)</u>

၉။ ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က စစ်ဆေးမေးမြန်း ဆုံးဖြတ်ခဲ့ရာတွင် အလုပ်သမားက လာရောက်ပြီး အလုပ်ရှင်လာရောက်ခြင်းမရှိသည့်အတွက် တစ်ဖက်သတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

၁၀။ ယခုတစ်ဖန် ခုံသမာဓိကောင်စီ ခုံအဖွဲ့က အငြင်းပွားမှုကို စစ်ဆေးရန်အတွက် ချိန်းဆိုသည့်အခါ၌လည်း အလုပ်ရှင်ဖြစ်သူကခရီးသွားနေသဖြင့်လာရောက်နိုင်ခြင်းမရှိ၍ဦးအောင်မျိုးသူ မှတစ်ဆင့်နှုတ်ဖြင့် ခုံသမာဓိကောင်စီ၏ စစ်ဆေးမှုကို ရွှေ့ဆိုင်းပေးရန် လာရောက်တင်ပြကြောင်း သိရှိရသည်။ ရုံးမှ သက်ဆိုင်ရာတာဝန်ရှိသူက ပိုင်ရှင်ကိုယ်တိုင် လာရောက်နိုင်ခြင်းမရှိပါက Special Power ဖြင့် ကိုယ်စားစေလွှတ်နိုင်ကြောင်း ပြောကြားခဲ့ကြောင်းလည်းသိရှိရသည်။

၁၂။ ခုံသမာဓိကောင်စီ ခုံအဖွဲ့သည် အငြင်းပွားမှုတစ်ရပ်ကို သတ်မှတ်ရက်အတွင်းအပြီးအပြတ် စစ်ဆေးဆုံးဖြတ်ရန် တာဝန်ရှိသည့်အတွက် ခရီးသွားနေသူတစ်ဦးကို စောင့်ဆိုင်းရန် မဖြစ်နိုင်ပေ။ သို့ဖြစ်၍ အလုပ်ရှင်မလာရောက်နိုင်စေကာမူ သိလိုသည့်အချက်တို့ကို အလုပ်သမား ဖြစ်သူအား မေးမြန်းမှုပြုလုပ်ခဲ့သည်။

၁၃။ အငြင်းပွားမှုဖြစ်စဉ်မှာ ရှင်းလင်းနေသည့်အပြင် ၁၆-၁၂-၂၀၁၅ ရက်စွဲပါ အလုပ်ရှင် Ms.Vidya Chetry @ ဒေါ်ဥမ္မာက ကိုယ်တိုင်လက်မှတ်ရေးထိုး၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားတင်ပြသည့်စာတွင်လည်း ဦးသိန်းထွန်းကို တနင်္ဂနွေနေ့ (၄-၁၀-၂၀၁၅) ရက်နေ့တွင် သွားစရာကိစ္စရှိ၍ ယာဉ်မောင်းရန်အတွက် ခေါ်သော်လည်း မလာသဖြင့် နှုတ်ဖြင့်ပြောပြီး အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြထားပေသည်။

၁၄။ ထို့ကြောင့် အလုပ်ရှင်/ပိုင်ရှင် Ms.Vidya Chetry@ ဒေါ်ဥမ္မာသည် ဝန်ထမ်း/အလုပ်သမားတစ်ဦးကို ထုတ်ပယ်သည့်ကိစ္စတွင် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပယ်ခြင်းမဟုတ်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။ အလုပ်ရှင်က (၃) ကြိမ်တိတိ နှုတ်ဖြင့် သတိပေးပြောကြားခဲ့သည်ဆိုသော်လည်း မည်သည့်အထောက်အထားမျှ မရှိပေ။ ယာဉ်မောင်း အလုပ်သမားကလည်း ဤတစ်ကြိမ်တည်းသာ တနင်္ဂနွေနေ့အလုပ်ဆင်းရန် ခေါ်သည်ကို မိမိ၌ ကိုယ်ရေးကိုယ်တာကိစ္စရှိနေသဖြင့် မသွားရောက်နိုင်ခြင်းဖြစ်ကြောင်း တင်ပြထားချက်ကို တွေ့ရှိရသည်။

၁၅။ မည်သို့ပင်ဖြစ်စေ ဝန်ထမ်းအလုပ်သမားတစ်ဦး၏ လုပ်ဆောင်ချက်ကို အလုပ်ရှင်က ကျေနပ်ခြင်းမရှိ၍ အလုပ်မှ ထုတ်ပယ်မည်ဆိုပါက တစ်လကြိုတင်နို့တစ်ပေးရန်လည်း လိုအပ်ပါသည်။ ထို့ပြင်ဝန်ထမ်းအလုပ်သမားတစ်ဦး စည်းကမ်းဖောက်ဖျက်ခြင်း၊ ညွှန်ကြား ချက်မလိုက်နာခြင်းရှိခဲ့ပါက လုပ်ထုံးလုပ်နည်းအရ ပထမအကြိမ် နှုတ်ဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ် စာဖြင့်သတိပေးခြင်း၊ တတိယနှင့် နောက်ဆုံးအကြိမ် စာဖြင့်သတိပေးခြင်းနှင့် အလုပ်မှထုတ်ပယ်ခြင်းအစရှိသဖြင့် အဆင့်ဆင့်လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ ယခုအငြင်းပွားမှုဖြစ်မှု အလုပ်ရှင်က ထိုသို့ လုပ်ဆောင်ခဲ့ခြင်း မရှိခဲ့သည့်အတွက် ဝန်ထမ်း/အလုပ်သမားကို မတရားအလုပ်မှ ထုတ်ပယ်ခြင်း ဖြစ်သည် (Illegal dismissal) ဟူ၍ သတ်မှတ်ရမည်သာ ဖြစ်ပေသည်။

၁၆။ အထက်ပါလေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များအရ ဤခုံအဖွဲ့က အောက်ပါအတိုင်း ဆုံးဖြတ်သည် -

<u>ဆုံးဖြတ်ချက်အမှတ်(၁)</u>

၁၇။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၈-၁၂-၂၀၁၅)ရက်စွဲနေ့တွင်ချမှတ်ခဲ့သော အငြင်းပွားမှုအမှတ် (၉၉/၂၀၁၅)၏ ဆုံးဖြတ်ချက်အမှတ်(၁)ကို အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၈။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးငွေအောင် ၆/၁/၁၆ | ဦးအေးငွေ | ဒေါ်စန်းစန်းဦး ၂၀၁၆ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |